အချိန်တိုင်း နေရာတိုင်း၌

# လူတိုင်းနှင့် စကားပြောနည်း

မောင်မြတ်မိုး (မြန်မာပြန်)

ထိရောက်သော ပြောဆိုဆက်ဆံရေး၏

လျှို့ဝှက်ချက်များ

# စာဖတ်သူသို့

လာရီကင်း၏ `အချိန်တိုင်း နေရာတိုင်း၌ လူတိုင်းနှင့် စကားပြောနည်း' စာအုပ်မှာ စကားပြောနေကြရသော လူတိုင်းအတွက် ချုံးပြီးခပ်ပြီး အသုံးပြုနိုင်သော ဖော်နည်းကားများ ပါဝင်သည်။ အထူးသဖြင့် စကားပြောသောလုပ်ငန်းကို ပင်မလုပ်ငန်းအဖြစ် လုပ်ကိုင်နေရသော ရေဒီယို၊ တီဗွီတို့မှ သတင်းကြေညာတင်ဆက်သူများ၊ အင်တာဗျူးခြင်းကို ကိုယ်တိုင်ပါဝင် ဆောင်ရွက်နေသူများ၊ လူထုဟောပြောပွဲများတွင် ဟောပြောနေရသော နိုင်ငံရေးသမားများ၊ လူမှုရေးနှင့် ကျန်းမာရေးပညာပေး ဟောပြောနေရသော လူထုပညာပေး လုပ်ဆောင်နေသူများ၊ ကုန်ပစ္စည်း အရည်အသွေးများကို ကြော်ငြာသတိပေး တင်ပြနေရသူများ စသည်တို့အတွက် နည်းလမ်းကောင်းများ ပါဝင်သည်။

ဤစာအုပ်ကို ရေးသားသော လာရီကင်းမှာ CNN ၏ ပင်တိုင်သတင်းကြေညာသူအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ပြီး အမေရိကန် ပြည်ထောင်စုသမ္မတ အဆက်ဆက် အပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အနုပညာ နယ်ပယ်အသီးသီးမှ ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြောဆိုခဲ့ရသော ပုဂ္ဂိုလ်ဖြစ်ရာ၊ သူ လျှောက်လှမ်းခဲ့ရသော လက်တွေ့ဘဝတွင် မှတ်ကျောက်တင်ပြီးသော နည်းလမ်းများကို စုစည်းတင်ပြထားသည်။

``အချိန်တိုင်း၊ နေရာတိုင်း၌ လူတိုင်းနှင့် စကားပြောနည်း'' မှာ ကာလ၊ ဒေသ၊ အခြေအနေနှင့်အညီ စကားပြောဆိုနည်းကို အခန်းပေါင်း(၁၂)ခန်းဖြင့် ဝေဝေဆာဆာ ဖော်ပြထားရာတွင် ကိုယ်တိုင်အတွေ့အကြုံများကိုသာမက အောင်မြင်နေသော စကားပြောကောင်းသူ ပုဂ္ဂိုလ်များ၌ တွေ့ရသော တူညီသည့် အရည်အချင်းများကို ထည့်သွင်းထားပြီး တင်ပြရာ၌ ပညာရပ်ဆန်ဆန် ပုံစံမျိုးဖြင့် ရေးသားထားခြင်းမဟုတ်ဘဲ လာရီကင်း၏ တွေ့ကြုံရသော အခြေအနေကို

ပေါ့ပေါ့ပါးပါး တင်ပြထား၍ စာဖတ်သူများ အကြိုက်တွေ့စေမည်ဟု ယုံကြည်ပါသည်။

*

# ဘာသာပြန်သူ၏ အမှာ

အချိန်တိုင်း၊ နေရာတိုင်း၌ လူတိုင်းနှင့် စကားပြောနည်း၏ မူရင်းစာအုပ်ကို ဘာသာပြန်ဆိုရန် ကျွန်တော် လက်ခံရရှိစဉ်အခါက ဤစာအုပ်နှင့် ပတ်သက်၍ အနည်းငယ် စိုးရိမ်မိသည်။ စကားပြောနည်းစာအုပ်ဖြစ်သဖြင့် အနည်းငယ် ပျင်းစရာကောင်းလေမလားဟု တွေးမိသည်။ သို့သော် ဤစာအုပ်က စဖွင့်ကတည်းက ထူးခြားနေသည်ကို ကျွန်တော် တွေ့ရသည်။ စကားပြောခြင်းနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းမျဉ်းများကို စာရေးသူ၏ အတွေ့အကြုံများအား နမူနာပြလျက် ရှင်းလင်းပြထားသည်မှာ အလွန် စိတ်ဝင်စားစရာ ကောင်းပါသည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ မိန့်ခွန်းစကားများကို ဖော်ပြထားပြီး သူတို့ အဘယ်ကြောင့် စကားပြောကောင်းကြပုံကို ပြန်လည်ရှင်းလင်းထားပါသည်။ စကားပြောဆိုရာ၌ လိုရင်းကို တိုတိုရှင်းရှင်းနှင့် အဓိပ္ပါယ် ထိထိရောက်ရောက်ပြောနိုင်ရန် အရေးကြီးပုံကို ဖော်ပြထားပါသည်။

လူတစ်ယောက် အောင်မြင်ဖို့အတွက် စကားပြောကောင်းရမည်ဟူသော စာရေးဆရာ၏ တင်ပြချက်က အမှန်တကယ်ကို မှတ်သားထိုက်ပါသည်။ အောင်မြင်ရေး နည်းလမ်းကောင်းများအတိုင်း လိုက်နာပြီး အလုပ်ကြိုးစားရုံဖြင့် ဘဝတွင် အောင်မြင်မှုအထွတ်အထိပ် မရရှိနိုင်ပုံကို ဤစာအုပ်က အလေးထား ဖော်ပြထားသည်။ လုပ်ငန်းနယ်ပယ်အားလုံးတွင် ရှိကြသော လူများ အပြောအဆို မတတ်လျှင် မိမိတို့လုပ်ငန်းတွင် အောင်မြင်သင့်သလောက် မအောင်မြင်ကြပါ။ မည်သည့်လုပ်ငန်းတွင်ပဲဖြစ်ဖြစ် အခြေအနေနှင့် အရည်အချင်း တူညီသူနှစ်ယောက်တွင် စကားပြောကောင်းသူက ပိုမိုအောင်မြင်ပါသည်။ စာရေးဆရာက ဤအချက်ကို အဓိကထားပြီး အောင်မြင်ကြသူများ အဘယ်ကြောင့် စကားပြောကောင်းသလဲဆိုသည်ကို ဤစာအုပ်ထဲ၌ ရှင်းလင်းပြထားသည်။ ထိုသို့ ရှင်းလင်းရာ၌ အတွေ့အကြုံနှင့် သမိုင်းအထောက်အထားများကို ဖော်ပြထားသည်မှာ အလွန်စိတ်ဝင်စားစရာ ကောင်းပါသည်။ စကားတစ်လုံးသည်

ခေတ်ကာလကိုလိုက်၍ ရိုင်းသောစကားလုံးမှ ယဉ်ကျေးသော စကားလုံးဖြစ်လာနိုင်ပုံကို နမူနာ ရှင်းထားခြင်းကလည်း အလွန်ကို ထိရောက်ပါသည်။

နိဂုံးချုပ်ပြောရလျှင် ဤစာအုပ်သည် ကျွန်တော် စိုးရိမ်သလို လုံးဝ မဟုတ်သော စာအုပ်ဖြစ်ပါသည်။ မူရင်းစာရေးသူ၏ တင်ပြချက်များတွင် ပျင်းစရာများ မပါရှိသလို အားလုံးက မှတ်သားဖွယ်ကောင်းသော အရာများ ဖြစ်ကြပါသည်။

**မောင်မြတ်မိုး**

*

မိတ်ဆက်ခြင်း

# ကျွန်တော်တို့အားလုံး စကားပြောကြရသည်

သင်သည် -

(၁) လေထီးတစ်စင်းဖြင့် လေယာဉ်ပေါ်မှ ခုန်ချမည်လား။

သို့မဟုတ်

(၂) ညစာစားပွဲတစ်လုံးတွင် သင်ယခင်က တစ်ခါမှ မတွေ့မြင်ဖူးသော တစ်စုံတစ်ယောက်ဘေး၌ ထိုင်မည်လား။

သင်၏ အဖြေသည် နံပါတ်(၁) ဖြစ်နေလျှင် စိတ်မကောင်းမဖြစ်ပါနှင့်။ သင့်တွင် သွားဖော်သွားဖက် အပေါင်းအဖော် အတော်များများ ရှိနေသည်။ စကားပြောခြင်းက ကျွန်တော်တို့နေ့စဉ် ပြုလုပ်နေသော အရာတစ်ခု ဖြစ်သော်လည်း စကားပြောဖို့ ခက်ခဲသော အခြေအနေများ အတော်များများရှိသလို ကျွန်တော်တို့ ပိုမိုကောင်းမွန်စွာ စကားပြောနိုင်သော အခြေအနေများလည်း ရှိသည်။ လူမှုရေးတွင်ပဲဖြစ်ဖြစ်၊ အသက်မွေးလုပ်ငန်းတွင်ပဲဖြစ်ဖြစ် အောင်မြင်ခြင်းဆီသို့ သွားသောလမ်းကို စကားပြောခြင်းဖြင့် လမ်းခင်းထားသည်။ သင်သည် စကားပြောသူအဖြစ် ယုံကြည်စိတ်ချမှု မရှိလျှင် ထိုလမ်းသည် အဖုအထစ်များနိုင်သည်။

ဤင်းကြောင့် ဤစာအုပ်ကို ကျွန်တော် ရေးခဲ့သည်။ ထိုလမ်းကို ချောမွေ့ဖို့ ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအတွက် ကျွန်တော် ၃၇ နှစ် စကားပြောနေခဲ့သည်။ ရေဒီယိုနှင့် ရုပ်မြင်သံကြားရှိုးပွဲများတွင် မီခေးလ်ဂေါ်ဘာချက်မှ အစပြု၍ မိုက်ကယ်ဂျော်ဒန်အထိ လူများနှင့် ကျွန်တော် စကားပြောခဲ့သည်။ ရဲအရာရှိများမှစ၍ အိမ်ပေါက်စေ့ စျေးသည်များအထိ စုံလင်လှသော လူစုများနှင့်လည်း ကျွန်တော် ပုံမှန်စကားပြောသည်။ နောက်

စာမျက်နှာများတွင် စကားပြောခြင်းနှင့်ပတ်သက်၍ ကျွန်တော် သိနားလည်ခဲ့သောအရာဖြစ်သည့် သင် လူတစ်ယောက်ကို စကားပြောနေသလား၊ သို့မဟုတ် လူအယောက်တစ်ရာကို စကားပြောနေသလား ဆိုသည်ကို ကျွန်တော် ပြောပြပါမည်။

ကျွန်တော်အဖို့မူ စကားပြောခြင်းသည် ဘဝတွင် အကြီးကျယ်ဆုံး ပျော်ရွှင်မှုများထဲမှ တစ်ခု ဖြစ်သည်။ ကျွန်တော် အမြဲတမ်း ပြုလုပ်ချင်သော အရာဖြစ်သည်။ ဘရွတ်ကလင်တွင် ကျွန်တော် ကြီးပြင်းလာခဲ့ပုံကို ပထမဦးဆုံး အမှတ်ရမိသောအရာက ၈၆ လမ်းနှင့် ဘေးပတ်ဝေ့လမ်းထိပ်၌ မတ်တတ်ရပ်ပြီး ဖြတ်မောင်းသွားကြသော ကားများအား ဘာအမျိုးအစားဖြစ်ကြောင်း ကြေညာခြင်းပင် ဖြစ်သည်။ ကျွန်တော့်အသက် ၇ နှစ်ရှိပြီး ကျွန်တော့်သူငယ်ချင်းက ကျွန်တော့်ကို ``စကားပြော (ဖုန်း)ခွက်''ဟု ခေါ်ကြသည်။ ထိုအချိန်ကတည်းက ကျွန်တော် စကားပြောနေခဲ့သည်။

ထိုနှစ်ကာလများက ကျွန်တော်၏ အခင်မင်ဆုံး သူငယ်ချင်းဖြစ်သော (ယခုတိုင် ကျွန်တော် အခင်မင်ဆုံး သူငယ်ချင်းဖြစ်နေသော) ဟတ်ကိုဟင်က အီဘတ်ဖီးလ်ကစားကွင်းထဲတွင် ဒေါ်ဂျာစ်အသင်းအား ကျွန်တော် အားပေးလေ့ရှိပုံကို လူများအား ပြောပြသည်။ ရိုးရိုးတန်းထိုင်ခုံတွင် ကျွန်တော် ထိုင်ပြီး အမှတ်ပေးသော ကတ်ပြားကိုကိုင်၍ ကစားပွဲကို ကြေညာသည်။ ထို့နောက် ကျွန်တော် အိမ်ပြန်လာပြီး ကစားပွဲအကြောင်း သူငယ်ချင်းများကို အကန့်ပြောပြသည်။ အကန့်ဆိုသည်က တကယ် ဘာမျှမကျန်အောင် ပြောခြင်းဖြစ်သည်။

``အီဘတ်ဖီးလ်ကစားကွင်းကို လာရီသွားလို့ ကစားပွဲက ၂ နာရီနဲ့ ၁၀ မိနစ်ကြာရင် လာရီကလည်း ကစားပွဲအကြောင်းကို အဲဒီ လောက် အချိန်ကြာကြာ ပြောတယ်'' ဟု ဟတ်က ယခုတိုင်း ပြောနေဆဲ ဖြစ်သည်။ ကျွန်တော်တို့ အသက် ၁၀ နှစ်ရှိကြသောအခါ ကျောင်းအုပ်ကြီးရုံးခန်းတွင် ဟတ်နှင့်ကျွန်တော် တစ်ဦးကိုတစ်ဦး

ပထမဆုံးအကြိမ် တွေ့ဆုံကြသည်။ ရုံးခန်းထဲသို့ ကျွန်တော် လမ်းလျှောက်ဝင်သွားသောအခါ ထိုနေရာတွင် သူရှိနေသည်။ ထိုနေရာသို့ ကျွန်တော်တို့ အဘယ့်ကြောင့် စေလွှတ်ခံရသည်ကို ယနေ့အချိန်တွင် ကျွန်တော်တို့ အမှန်တကယ်ကို မမှတ်မိကြတော့ချေ။ သို့သော် စာသင်ခန်းထဲတွင် စကားပြောရခြင်းက ကျွန်တော်တို့နှစ်ဦးစလုံးအတွက် ကောင်းမွန်သော လောင်းကစားခြင်း ဖြစ်လိမ့်မည်။

သို့သော် စကားပြောခြင်းကို ကျွန်တော် နှစ်သက်သလောက် လူများစကားပြောခြင်းနှင့် ဘာကြောင့် စိတ်မသက်မသာ ဖြစ်နိုင်သည်ကို ကျွန်တော် သိသည်။ မှားယွင်းသောအရာကို ပြောမိမည့် စိုးရိမ်စိတ်များ၊ သို့မဟုတ် မှန်ကန်သောအရာကို မှားယွင်းသောနည်းလမ်းဖြင့် ပြောမိသည့် စိုးရိမ်စိတ်များ ရှိသည်။ စာရေးဆရာတစ်ယောက် တင်ပြသကဲ့သို့ပင် ``တိတ်တိတ်နေပြီး လူမိုက်တစ်ယောက်အဖြစ် အထင်မှတ်ခံရခြင်းက ပါးစပ်ဟပြီး လူမိုက်ဖြစ်ကြောင်း အသိခံရခြင်းထက် ပိုကောင်းသည်''။ လူစိမ်းတစ်ယောက်ကို သင် စကားပြောသောအခါ၊ သို့မဟုတ် လူအတော်များများကို တစ်ပြိုင်တည်း စကားပြောသောအခါ ဤစိုးရိမ်စိတ်က ကြီးထွားလာသည်။

ထိုစိုးရိမ်စိတ်ကို ဤစာအုပ်က ကူညီဖယ်ရှားပေးလိမ့်မည်ဟု ကျွန်တော် မျှော်လင့်သည်။ ကျွန်တော် သိနားလည်ခဲ့သော အရာတစ်ခုက သင့်တွင် မှန်ကန်သော အပြုအမူရှိလျှင် သင် စကားမပြောနိုင်သောလူ မရှိဟုဆိုခြင်းပင်တည်း။ ဤစာအုပ်ကို ဖတ်ပြီးနောက်တွင် စကားပြောပွဲများကို ယုံကြည်စိတ်ချစွာဖြင့် သင် ချဉ်းကပ်နိုင်လိမ့်မည်။ သင်၏ တင်ပြချက်များကို ထိရောက်စွာ မည်သို့ ပြုလုပ်ရမည်ကို သင် သိရှိလာလိမ့်မည်။ သင် ပိုမိုကောင်းမွန်စွာ စကားပြောလာပြီး ၎င်းကို ပိုမိုသဘောကျ နှစ်ခြိုက်လာလိမ့်မည်။

ဤအထဲမှ အခန်းများက အမျိုးမျိုးသော အခြေအနေများတွင် ပြောဆိုသော စကားများကို နမူနာပေးထားသည်။ မင်္ဂလာလက်ထပ်ပွဲမှ အစပြု၍

ညစာစားပွဲများနှင့် ဆရာမိဘအသင်း ဆွေးနွေးပွဲများအထိ ပါဝင်သည်။ သင့်ကို ကူညီရန်အတွက် ဆရာမိဘအသင်း ဆွေးနွေးပွဲများအထိ ပါဝင်သည်။ သ့်ကို ကူညီရန်အတွက် လေလှိုင်းပေါ်တွင် ကျွန်တော်စကားပြောခဲ့သော ညွှေ့သည်များထံမှ သင် ဘာသိနားလည်သည်ကိုသော် လည်းကောင်း၊ ကျွန်တော်၏ ကိုယ်ပိုင်သင်ခန်းစာများကို မည်ကဲ့သို့ အသုံးပြုရမည်ကိုလည်းကောင်း ကျွန်တော် ပြောပြပါမည်။ ၎င်းတို့အထဲမှ အချို့က ခက်ခဲကြသည်ကို သင်တွေ့မြင်လိမ့်မည်။

စကားပြောခြင်းသည် အလိုအပ်ဆုံး လူသားဆက်သွယ်ရေးပုံစံ ဖြစ်သည်။ ၎င်းသည် ကျွန်တော်တို့ကို မျိုးစုတစ်စုအဖြစ် ထင်ရှားစွာ သိမြင်စေသော အရာဖြစ်သည်။ အမှန်ပင်၊ သာမန်လူတစ်ယောက်သည် တစ်နေ့လျှင် စကားလုံး တစ်သောင်းရှစ်ထောင် ပြောသည်ဟု ခန့်မှန်းကြသည်။ ဤကိန်းဂဏန်းကို ကျွန်တော် လုံးဝ သံသယမရှိချေ။ (ကျွန်တော့်ကိစ္စတွင် ၎င်းက ပိုမိုများပြားနေကောင်း များပြားနိုင်သည်) ထို့ကြောင့် ကျွန်တော်တို့ အကောင်းဆုံး စကားပြောသူများဖြစ်ရန် ကျွန်တော်တို့၏ ကျွမ်းကျင်မှုကို တိုးတက်အောင် ပြုလုပ်ကြပါစို့လား။ ယခု ဤနေရာကစကြရအောင်။ စာမျက်နှာကို စလှန်လိုက်ပါ။

ဟော့... ဟတ်၊ နားထောင်စမ်း။

**လာရီကင်း**

*